# Android ပေါ်က Chrome မှာ Flash အလုပ် လုပ်မပေး




Android Ice Cream Sandwich အတွက် Android မှာသုံးနိုင်တဲ့ Chrome beta version ထွက်လာပါတယ်။ Twitter ပေါ်မှာ ကြားနေရတာကတော့ ယင်း browser မှာ Adobe Flash အလုပ်မလုပ်ဘူးဆိုတဲ့အကြောင်း ဖြစ်ပါတယ်။ Adobe ပြောခဲ့တဲ့ mobile တွေအတွက် Flash ကို ပြင်ဆင်ပြီးဖြစ်တယ်ဆိုတဲ့စကားကြောင့် Chrome မှာ အလုပ်မလုပ်ဘူးဆိုတာ သေချာနေပါတယ်။

ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလကတည်းက Adobe က mobile browser တွေအတွက် Flash player ကို မထုတ်လုပ်တော့ကြောင်း ကြေညာပြီး ဖြစ်ပါတယ်။ ဒါကြောင့် Android အတွက် Chrome beta မှာ Flash မရနိုင်ပါဘူး။ ဒါပေမဲ့လည်း Android browser အတွက် Flash player ကိုတော့ support လုပ်ဦးမှာ ဖြစ်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် Adobe က Flash ကို လုံးဝစွန့်လွှတ်လိုက်တာ မဟုတ်ပါဘူး။ Desktop version အတွက် upgrade လုပ်နေဦးမှာဖြစ်ပြီး mobile device တွေအပေါ်မှာ Flash တွေကြည့်လို့ရအောင် ဆောင်ရွက်ပေးနေဦးမှာ ဖြစ်ပါတယ်။ ဒီ upgrade ကို Flash-to-HTML5 tool တွေနဲ့အသုံးပြုနိုင်ပြီး app store တွေကတစ်ဆင့်ရနိုင်ပြီ ဖြစ်ပါတယ်။ ဒီဥပမာကိုကြည့်ခြင်းအားဖြင့် internet ကို mobile device တွေက တစ်ဆင့် သုံးစွဲမှုမြင့်တက်လာကြောင်း သိနိုင်ပါတယ်။ Internet လောကကိုလည်း HTML 5 သုံးစွဲထားတဲ့ application တွေက အနိုင်ရသွားကြောင်း မြင်တွေ့နိုင်ပါတယ်။ Mobile ပေါ်မှာ အသုံးပြုနိုင်တဲ့ Flash က သေဆုံးသွားပြီ ဖြစ်ပါတယ်။ ဒါ့ပြင် Microsoft ကလည်း Silverlight ကို Windows Phone Mango အတွင်းရှိ Internet Explorer 9 မှာ ထည့်မပေးထားကြောင်း သိရပါတယ်။ ■

# လူကြိုက်များတဲ့ iPad 2 speaker များ



iPad 2 အနောက်က speaker တွေကို လက်နဲ့ပိတ်ပြီး နားထောင်ဖူးပါသလား။ ဒီအတိုင်း အလွတ်နားထောင်တာနဲ့ speaker တပ်ပြီးနားထောင်ရတာက တော်တော်ကွာခြားမှု ရှိပါတယ်။ အသံအတိုးအကျယ်ရော၊ အသံအရည်အသွေးမှာပါ ကွာခြားမှုရှိပါတယ်။ ဒီလိုလုပ်ဖို့ဆိုတာ SoundBender ကို တီထွင်ခဲ့သူ Moshe Weiss က တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ SoundBender ရဲ့ နောက်ဆက်တွဲအနေနဲ့ အခုနောက်ဆုံးမှာ Kickstarter ကို ဆက်လက်တီထွင်ခဲ့ပါတယ်။

SoundBender ဟာ plastic ကိုယ်ထည်နဲ့ သံလိုက်တွေနဲ့ ပိတ်ထားပါတယ်။ အသံအရည်အသွေးကို ပိုကောင်းအောင်လုပ်ထားမှန်း သိသာပါတယ်။ iDevice accessory တွေနဲ့ပတ်သက်ပြီး တွေးမိတာတစ်ခုက ဒါတွေကိုသုံးဖို့ iPad ကို သူ့ case ကနေဖြုတ်ပြီး သုံးရမှာလားဆိုတာ ဖြစ်ပါတယ်။ တစ်ခါတလေအတွက်တော့ အဆင်ပြေပေမယ့် အမြဲတမ်း ဖြုတ်သုံးဖို့ဆိုရင်တော့ အဆင်မပြေလောက်ပါဘူး။ SoundBender ကို တီထွင်တဲ့အခါမှာ case နဲ့ အဆင်ပြေအောင် စီစဉ်ထားပါတယ်။ အထူးသဖြင့် case တွေမှာရှိနေတဲ့ သံလိုက်တွေနဲ့ အဆင်ပြေအောင် စီစဉ်ထားတာပါ။

SoundBender နဲ့ iPad နဲ့ တပ်နိုင်အောင်သုံးထားတဲ့ သံလိုက်တွေဟာ Apple smart cover ပုံစံမျိုး ရှိပါတယ်။ SoundBender ကို iPad volume bar နားမှာတပ်နိုင်ပါတယ်။ SoundBender ကို ဒေါ်လာ ၂၀ နဲ့ရနိုင်ပြီး အမည်းရောင်၊ အဖြူရောင်၊ ငွေရောင်၊ ခရမ်းရောင်၊ အပြာရင့်ရောင်၊ အပြာနုရောင်၊ ပန်းနုရောင်၊ နှင်းဆီရောင်၊ အဝါရောင် ဆိုပြီး ရွေးချယ်နိုင်ပါတယ်။ Special offer တစ်ခုကတော့ limited edition ဖြစ်တဲ့ အနီရောင် SoundBender (a Kickstarter exclusive) အခု ၅၀ ကို ၂၅ ဒေါ်လာနဲ့ ရောင်းချပေးတာပဲဖြစ်ပါတယ်။ ■

## Android 4.0 ကိုအသုံးပြုထားတဲ့ Samsung Galaxy Tab 2 (7.0)



Samsung ဟာ နောက်ထုတ်မယ့် Galaxy Tab 2 မှာ Android 4.0 Ice Cream Sandwich tablet ကိုသုံးထားမှာဖြစ်ကြောင်း၊ အရွယ်အစား ၇ လက်မရှိတယ်လို့ ကြေညာလိုက်ပါတယ်။ Dual-core 1GHz processor ၊ 1GB RAM ကို အသုံးပြုထားပြီး storage အနေနဲ့ 8GB ၊ 16GB နဲ့ 32GB တွေ ရနိုင်ပါတယ်။ Android 4.0 ကိုအသုံးပြု ထားပြီး Samsung က ကိုယ်ပိုင် တီထွင်ထားတဲ့ TouchWiz 41 လိုမျိုး software တွေ အများအပြား ပါဝင်ပါတယ်။ အရင်ထုတ်ခဲ့တဲ့ tablet တွေလိုမျိုးပဲ Galaxy Tab 2.0 မှာ readers hub ၊ music hub ၊ video hub တွေအပြင် တခြား စိတ်ဝင်စားဖွယ်တွေကိုလည်း ထည့်ပေးထားပါတယ်။ အင်္ဂလန်နိုင်ငံမှာတော့ မတ်လမှာကတည်းက ရနိုင်နေတာဖြစ်ပြီး တခြားနိုင်ငံတွေမှာလည်း သိပ်မကြာခင်ရသွားမှာဖြစ်တယ်လို့ သိရပါတယ်။ ■

## ကြာရှည်အခံဆုံး Android ဖြစ်တဲ့ RAZR Maxx



Motorola RAZR Maxx ကြောင့် Motorola ဟာ ဈေးကွက်ထဲမှာ နေရာပြန်ရလာပါတယ်။ Motorola RAZR Maxx မှာ video တစ်ခုတည်းကို battery မကုန်မချင်း looping ပတ်ပြီးဖွင့်ထားတာ ၁၆ နာရီခွဲကြာပါတယ်။ ၁၆ နာရီခွဲဆိုတာ အံ့မခန်းကြာချိန်တစ်ခု ဖြစ်ပါတယ်။ သာမန်သုံးချိန်မှာ တစ်ရက် အေးအေးဆေးဆေးသုံးနိုင်ပေမယ့် အခု ဒီ RAZR Maxx က ၂ ရက်လောက်ခံတာကို တွေ့ရတော့ အံ့သြမိပါတယ်။ Android သုံးစွဲသူတွေ ပြောနေကြတာကတော့ phone ကိုမသုံးဘဲ idle ဖြစ်နေချိန်မှာ battery လုံးဝမသုံးသလောက် ကျဆင်းသွားတာကို တွေ့ရပြီး active သုံးစွဲမယ်ဆိုရင်လည်း ထင်ထားတာထက် ပိုကြာကြာခံတာကို တွေ့ရပါတယ်။ ၃ နာရီ web browsing လုပ်ပြီး တစ်နာရီ စကားပြောတဲ့အပြင် တစ်နေ့လုံး email ပို့တာ၊ text ပို့တာတွေလုပ်နိုင်တာကို တွေ့ရပါတယ်။ ■

## Lumia 800 နဲ့တူတဲ့ Nokia 801

Nokia Lumia 800 ဟာ Nokia N9 နဲ့ တစ်ပုံစံတည်းတူနေတာလောက် ဆိုးတာ မရှိပါဘူး။ အခုကြားနေရတာကလည်း Nokia ဟာ Symbian ကို အသုံးပြုထားတဲ့ Nokia 801 ကိုထုတ်မယ်ဆိုတာပဲ ဖြစ်ပါတယ်။ ယင်းဟာ N9 နဲ့ Lumia 800 တို့လိုပဲ Smartphone တစ်မျိုးဖြစ်ပြီး သူ့မှာတော့ ပိုကောင်းတဲ့ အချက်တစ်ခုအနေနဲ့ ၄ လက်မအရွယ် screen တစ်ခုပါရှိပြီး 640×360 pixel ရှိပါတယ်။ 12 megapixel camera ပါဝင်ပြီး Symbian device တွေအထဲမှာတော့ 1080p video ကိုရိုက်ကူးနိုင်တဲ့ ပထမဆုံးသော phone ဖြစ်ပါတယ်။ HTC နဲ့ Samsung တို့အပြင် Windows phone ၊ Android smart-phone တွေ အများအပြားမှာ ထုတ်လိုက်တဲ့ phone တွေဟာ တစ်ခုနဲ့တစ်ခု ပုံစံတူတွေဖြစ်နေတာကို စာဖတ်သူတွေသိပြီး ဖြစ်ပါတယ်။ Nokia က တူနေတာက ပြဿနာမဟုတ်ပေမယ့် Nokia မှာ တော်တဲ့ hardware designer တွေရှိလျက်နဲ့ design အသစ်၊ ဒါမှမဟုတ် မတူညီတဲ့ပုံစံလေးတွေမထုတ်နိုင်တာ ဘာကြောင့်လဲဆိုတာကတော့ စဉ်းစားစရာပါပဲ။ ■



## ဧပြီမှာ T-Mobile နဲ့တွဲပြီးထွက်လာမယ့် HTC Ville နဲ့ Huama Prism



T-Mobile က နောက်ထွက်မယ့် device အနေနဲ့ Galaxy S Blaze 4G ကို မိတ်ဆက် လိုက်ပါတယ်။ HTC Ville က Magenta ကို ကျော်တက်သွားမယ်လို့ ကြားနေပေမယ့် ခိုင်လုံတဲ့အချက် မရှိသေးပါဘူး။ T-Mobile ဟာ ပစ္စည်း အသစ် ၂ မျိုးဖြစ်တဲ့ HTC Ville နဲ့ Huawei Prism တို့နဲ့ တွဲထွက်လာမယ် လို့ သိရပါတယ်။

HTC ရဲ့ နောက်ပစ္စည်းတစ်ခုဖြစ်တဲ့ HTC Ville ကို လူသိများပြီး ဖြစ်ပါတယ်။ ယင်းဟာ ပါးလွှာပြီး 1.5 GHz dual-core processor ကို အသုံးပြုထားပြီး ၄.၃ လက်မ display ပါဝင်ပါတယ်။ Beats audio နဲ့ 8MP ရှိတဲ့ camera လည်း ပါဝင်ပါတယ်။ နောက်တစ်မျိုးဖြစ်တဲ့ Huawei Prism အကြောင်းကိုတော့ မသိရသေးပါဘူး။ ဒါပေမဲ့ ယင်းဟာ Huawei Assend D1Q လောက်တော့ဖြစ်မယ်လို့ ခန့်မှန်းထားပါတယ်။

T-Mobile ဘက်က ဒီပစ္စည်းတွေနဲ့တွဲပြီး ဘယ်တော့ထွက်မလဲဆိုတာ မသိရသေးပါဘူး။ HTC Ville ကတော့ ဧပြီလ ၄ ရက်နဲ့ Huawei Prism ကတော့ ဧပြီလ ၁၆ ရက်မှာ ဈေးကွက်ထဲရောက်မယ်လို့ ကြေညာထားပါတယ်။ ဒီရက်တွေမှာ T-Mobile ဘက်က ထွက်နိုင်ပါတယ်။

## iPhone ၊ iPad နဲ့ Android အတွက် Microsoft CRM



Microsoft က ယင်းတို့ထုတ်လုပ်မယ့် Mobile Dynamics CRM လို့ခေါ်တဲ့ customer relationship management software ကို Android နဲ့ iOS တွေမှာသုံးနိုင်အောင် စီစဉ်ထားပါတယ်။ အသစ်ထွက်လာမယ့် version မှာ iPhone ၊ iPad နဲ့ Android တွေမှာသာမကဘဲ BlackBerry အပါအဝင် Microsoft Windows Phone OS ရှိတဲ့ပစ္စည်းတွေတိုင်းမှာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

ဒီလိုစီစဉ်ပေးထားတဲ့အတွက် customer တွေဟာ ယင်းတို့ကြိုက်တဲ့ ပစ္စည်းကိုသုံးပြီး ဘယ်နေရာကမဆို ချိတ်ဆက်အသုံးပြုနိုင်မှာဖြစ်ကြောင်း Dynamics CRM ရဲ့ general manager ဖြစ်သူ Dennis Michalis က ပြောကြားခဲ့ပါတယ်။ ဒီထုတ်လုပ်မှုဟာ Microsoft ရဲ့ ပြိုင်ဘက်တွေနဲ့ mobile app လောကမှာ ခြေလှမ်းအသာရအောင် ကြိုးစားလိုက်တာ ဖြစ်ပါတယ်။ ဒီဇင်ဘာလအတွင်းမှာပဲ Redmond က iOS မှာသုံးနိုင်တဲ့ Kinectimals ၊ SkyDrive နဲ့ Lync တွဲသုံးနိုင်အောင် စီစဉ်ခဲ့တဲ့အပြင် iPad မှာသုံးနိုင်တဲ့ OneNote တို့ကို ထုတ်လုပ်ခဲ့ပါတယ်။ မေးစရာမေးခွန်းတစ်ခုကတော့ iOS မှာသုံးနိုင်တဲ့ Microsoft Office ထုတ် မထုတ်ဆိုတာပါပဲ။

## Angry Birds Space ကစားနိုင်ပြီ




Rovio က မတ်လ ၂၂ ရက်နေ့မှာ Angry Bird ရဲ့ နောက်ဆက်တွဲအခန်းတွေကို ထုတ်တော့မှာ ဖြစ်ပါတယ်။ စမ်းသုံးကြည့်ဖို့လည်း website မှာတင်ထားပြီး ဖြစ်ပါတယ်။ အာကာသဟင်းလင်းပြင်ထဲမှာ oxygen မရှိပေမယ့် Angry Bird ထဲက ငှက်တွေကတော့ ကောင်းကောင်းအသက် ရှင်နိုင်ပါတယ်။ Angry Bird Space အတွက် website တစ်ခုရှိနေပြီဖြစ်ပြီး game အတွက် စက္ကန့် ၂၀ စာ trailer တင်ထားပါတယ်။ Site အထဲမှာလည်း လရယ်၊ ကမ္ဘာ ရယ်နဲ့ လအပေါ်က ကျောက်တွေနဲ့ Angry Bird တွေရဲ့ လေးခွကို တည်ဆောက်ထားပါတယ်။ Angry Bird Space ကို ဘယ် platform အတွက် ထုတ်လုပ်ထား သလဲဆိုတာတော့ ထုတ်ပြောခြင်းမရှိသေးပါဘူး။

# Android မှာသုံးနိုင်တဲ့ Microsoft OneNote ရဲ့ feature များ




Android ပေါ်မှာသုံးနိုင်တဲ့ Microsoft OneNote ရဲ့ feature တွေကတော့

- Text formatting ၊ image နဲ့ bulleted lists
- Checkbox တွေနဲ့ အသုံးပြုနိုင်တဲ့ to-do list
- Phone camera နဲ့ ဓာတ်ပုံတွေရိုက်ကူးခြင်း
- Recent note တွေကို Quide access လုပ်နိုင်ခြင်း
- တစ်ခုထက်ပိုတဲ့ OneNote notebook တွေကို သိမ်းဆည်းခြင်း၊ access လုပ်ခြင်း
- SkyDrive account ကို ဘယ်နေရာကမဆို sync လုပ်နိုင်ခြင်း
- Note တွေကို offline ဖတ်နိုင်ခြင်း
- Wi-Fi အသုံးပြုပြီး note တွေကို sync လုပ်နိုင်ခြင်း
- Spelling checker ပါဝင်ခြင်း
- ပြင်ပမှ hyperlink တွေကို ချိတ်ဆက်နိုင်ခြင်း
- Table ထည့်သွင်းအသုံးပြုခြင်း

တို့ ဖြစ်ပါတယ်။ မှတ်စုပေါင်း ၅၀၀ အထိတော့ ဒီ app ကို အခမဲ့ အသုံးပြုနိုင်ပါတယ်။ ဒီထက်ပိုသွားရင်တော့ ၄.၉၉ ဒေါ်လာ ကျသင့်မှာ ဖြစ်ပါတယ်။ SkyDrive ကိုအသုံးပြုပြီး sync လုပ်တာ၊ ဖွင့်ကြည့်တာ တွေကိုလည်း ဆက်လက်လုပ်နိုင်မှာ ဖြစ်ပါတယ်။

# iPad တွေ တစ်ကြိမ်တည်း အားဖြည့်ခြင်း



အခုခေတ်မှာ iPad သုံးသူတွေ တော်တော်များလာပါတယ်။ စီးပွားရေး တွေမှာရော ကျောင်းတွေမှာပါ အသုံးများလာပါတယ်။ ဆိုလိုချင်တာက စီးပွားရေးလုပ်ငန်းတွေမှာပါ iPad ကိုသုံးပြီး လုပ်ငန်းတွေလုပ်နိုင်တယ်လို့ ဖြစ်ပါတယ်။ ဒါကြောင့် track လုပ်ဖို့၊ sync လုပ်ဖို့၊ များပြားလှတဲ့ iPad တွေကို အားဖြည့်ဖို့ကိစ္စတွေ ရှုပ်လာပါတယ်။ Kanex ဆိုတဲ့ကုမ္ပဏီ က Syndce ဆိုတဲ့ iPad တွေ အများကြီးကို ချိတ်ဆက်နိုင်တဲ့ desktop station တစ်ခုကို ထုတ်လုပ်လိုက်ပါတယ်။ ယင်း Sydnce ကို computer ရဲ့ USB port ကတစ်ဆင့် ချိတ်ဆက်ပြီး sync လည်း လုပ်နိုင်သလို charge လည်း လုပ်နိုင်ပါတယ်။

iPad ၄ ခုလောက်ကို တစ်ကြိမ်တည်း charge လုပ်တာတွေ၊ sync လုပ်တာတွေလုပ်ချင်တယ်ဆိုရင်တော့ Anthro ကုမ္ပဏီက Tablet Charging Cabinet နဲ့ Tablet Charging Cart တွေ ထုတ်လုပ်လိုက်ပါတယ်။ ယင်းဟာ tablet အခု ၂၀ ကနေ ၄၀ အထိ တစ်ကြိမ်တည်း charge လုပ်နိုင်ပါတယ်။ ယင်းအချိန်အတွင်းမှာ လုံခြုံမှုရအောင်၊ ဒါမှမဟုတ် ဖြုတ်မရအောင် သော့ခတ်ထားနိုင်ပါတယ်။ စီးပွားရေးလုပ်ငန်းရော၊ ကျောင်းတွေရောမှာ များပြားလှတဲ့ tablet တွေကို နေရာကျဉ်းကျဉ်းအတွင်းမှာ အဆင်ပြေ အောင် လုပ်ပေးနိုင်ပြီ ဖြစ်ပါတယ်။

# HTML 5 ဆိုတာ

Internet ရဲ့ ပင်မကျောရိုးဖြစ်တဲ့ web language ထဲမှာ HTML 5 က နောက်ဆုံးပဲဖြစ်ပါတယ်။ ယင်းဟာ website ရဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ စာတွေ၊ ပုံတွေကို ဘယ်လိုပုံစံပေါ်အောင်လုပ်မလဲ ဆိုတဲ့ instruction တွေကို browser တွေနားလည် အောင် ဆောင်ရွက်ပေးပါတယ်။ Adobe Flash မပါ ဘဲနဲ့ browser တွေပေါ်မှာ video ကြည့်နိုင်အောင် စီစဉ်ထားပါတယ်။ Developer တွေကလည်း iPad လို device တွေအပေါ်မှာ ယင်းတို့ site ပေါ်ရေး အတွက် ပြန်လည်ပြင်ဆင်မှုတွေ လုပ်နေရပြီ ဖြစ်ပါတယ်။ World Wide Web Consortium (W3C) HTML code တွေနဲ့ ပတ်သက်ပြီး standard တွေ ချမှတ်ပြီးဖြစ်ပေမယ့် code အရေးသားစိတ်ကို သုံးစွဲသူ တွေက မသိရသေးပါဘူး။ ပြီးခဲ့တဲ့ HTML standard က HTML 4.01 ဖြစ်ပြီး ၁၀ နှစ်တစ်ခုကျော် အောင် ရပ်တည်ခဲ့ပါတယ်။ Tag တွေ၊ definition တွေ၊ attributes တွေနဲ့ ယင်း version ကို upgrade လုပ်ခဲ့ ကြပါတယ်။

ကောင်းမြတ်ထွန်း

## iOS အတွက် Apple app အသစ်

မတ်လတုန်းက Apple က New iPad တစ်ခုတည်းသက်သက် ဖြန့်ချိခဲ့တာ မဟုတ်ပါဘူး။ App တွေ အများကြီးပါ တစ်ခါတည်း ကြေညာခဲ့တာ ဖြစ်ပါတယ်။ iOS အတွက် app အသစ်ဖြစ်တဲ့ iPhoto (၄.၉၉ ဒေါ်လာ)၊ ဂီတကို ချစ်မြတ်နိုးတဲ့သူတွေအတွက် Smart Instrument category အသစ်နဲ့ Garage (၄.၉၉ ဒေါ်လာ)၊ ရုပ်ရှင်ကားတွေကြည့်ဖို့ iMovie (၄.၉၉ ဒေါ်လာ) အပြင် iOS app တွေ အများကြီးကိုလည်း update လုပ်ခဲ့တယ်လို့ သိရပါတယ်။

## Disc drive မပါတဲ့ Xbox

Microsoft က နောက်ထပ်အသစ်ထွက်ရှိမယ့် Xbox မှာ disc drive အစား ပြောင်းလဲတပ်ဆင် အသုံးပြုနိုင်တဲ့ solid-state card storage တွေကို အသုံးပြုမယ်လို့ သိရပါတယ်။ အစတုန်းကတော့ ဒီ Xbox မှာ disc drive ရော၊ bluray disc ပါ ပါဝင်မယ်လို့ ခန့်မှန်းထားကြတာဖြစ်ပါတယ်။ Xbox အသစ်ကို လာမယ့် ၂၀၁၃ ခုနှစ်ထဲမှာ ထုတ်ဝေနိုင်မယ်လို့ ခန့်မှန်းထားကြပေမယ့် သူ့ရဲ့လုပ်ဆောင်နိုင်စွမ်းတွေ၊ ဈေးနှုန်းနဲ့ ဖြန့်ချိမယ့်ရက်တွေကိုတော့ အတိအကျ မသိရှိရသေးပါဘူး။

## Microsoft ကို စွန့်ခွာသွားတဲ့ Peter Molyneux

Microsoft ရဲ့ game designer ဖြစ်တဲ့ Peter Molyneux ဟာ Microsoft နဲ့ Lionhead studio တို့ကို ချန်ထားရစ်ခဲ့ကာ သူ့ရဲ့ Fable developer နဲ့ creative director ရာထူးတွေကို စွန့်လွှတ်ခဲ့ပါတယ်။ Molyneux က သူဟာ Microsoft နဲ့ Lionhead ကို ချန်ထားခဲ့ပြီး အံ့သြဖွယ်ရာ၊ စိတ်လှုပ်ရှားဖွယ်ရာတွေနဲ့ ကုမ္ပဏီအသစ်တစ်ခုဖြစ်တဲ့ 22Cans ကို ပြောင်းရွှေ့လိုက်ပြီဖြစ်ကြောင်း tweet တစ်ခုမှာရေးသားခဲ့ပါတယ်။ သူပူးတွဲတည်ထောင်ခဲ့တဲ့ကုမ္ပဏီဖြစ်တဲ့ Microsoft နဲ့ Lionhead studio ကို စွန့်ခွာဖို့ တော်တော်စဉ်းစားခဲ့ရတယ်လို့ ဆိုထားပြီး Lionhead အတွက် The Journey က Molyneux ရဲ့ နောက်ဆုံး game တစ်ခုဖြစ်တယ်လို့လည်း သိရပါတယ်။

## ကောလာဟလများကို တုံ့ပြန်ခဲ့တဲ့ Google+

Google ရဲ့ Engineering Senior VP Vic Gundotra က လွန်ခဲ့တဲ့ ရက်သတ္တပတ်တွေတုန်းက Google+ ရဲ့ service ကို အသုံးပြုလို့မရတော့ဘူးဆိုတဲ့ ကောလာဟလတွေကို တုံ့ပြန်ပြောဆိုခဲ့ပါတယ်။ Gundotra ရဲ့ပြောပြချက်တွေအရ အခုဆိုရင် Google+ ဟာ social network အသုံးပြုသူတွေအတွင်းမှာ တော်တော်လေး တွင်ကျယ်လာပြီလို့ သိရပါတယ်။ Google+ က သူ့ရဲ့ content ကို privately share လုပ်ထားတဲ့အခါ တစ်ခါတလေ service က inactive ဖြစ်နေတတ်တာပါ။ Service က active ဖြစ်ရုံသာမက Google ကထွက်ရှိသမျှထဲမှာ အလျင်မြန်ဆုံး တွင်ကျယ်လာတာတွေထဲက တစ်ခုဖြစ်တယ်လို့လည်း ပြောပါသေးတယ်။ အခုဆိုရင် Google+ ကို နေ့စဉ်အသုံးပြုသူ သန်း ၅၀ ရှိပြီး အနည်းဆုံး တစ်လတစ်ခါ အသုံးပြုတဲ့ သူကတော့ သန်း ၁၀၀ ရှိတယ်လို့လည်း သိရပါတယ်။

## Microsoft က Windows Marketplace ကို ပိတ်ပြီ

Microsoft က သူ့ရဲ့ Windows mobile operating system ( Windows mobile 6.5) အတွက် app store ဖြစ်တဲ့ Windows Marketplace for mobile ကို ၂၀၀၉ ခုနှစ်တည်းက စတင်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် ၊ မေလ ၉ ရက်နေ့ကျရင်တော့ အဲဒီ Windows Marketplace for mobile app service ကို တရားဝင်ရပ်တန့်လိုက်တော့မယ်လို့ သိရပါတယ်။

## Bluetooth 4.0 ပါဝင်တဲ့ ပထမဦးဆုံး tablet ဖြစ်တဲ့ New iPad

အရင်တုန်းက ရရှိခဲ့တဲ့တိုးတက်မှုတွေဖြစ်တဲ့ ကြည်လင်ပြတ်သားတဲ့ Retina display ၊ မြန်ဆန်တဲ့ graphics နဲ့ 4G LTE တို့လိုပါပဲ အခုလည်း New iPad က Bluetooth 4.0 ပထမဦးပါဝင်တဲ့ tablet တစ်လုံး ဖြစ်လာခဲ့ပါတယ်။ Bluetooth Smart Ready လို့လည်းခေါ်တဲ့ Bluetooth 4.0 ရဲ့ အဓိက သတိပြုမိစရာအချက်ကတော့ power ကို ဖြည်းဖြည်းချင်း သုံးတာ ဖြစ်ပါတယ်။